# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်စျေးကွက်သတင်းလွှာ

November 27, 2024 | Volume 84, Number 16


၂၇.၁၁.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေစျေး | = N/A |
| မြန်မာ့ရွှေစျေး | = N/A |
| ဒေါ်လာစျေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၀၉.၉၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၃.၆၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၄၇.၇၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၃.၀၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၆၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၈၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၀.၈၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၃.၁၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၇၅ ကျပ် |

Source: CBM Rate, etrademyanmar.com


## CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာသန်းပေါင်း ၂၇၅၀ ကျော်ရရှိ



၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ဧပြီလမှအောက်တိုဘာလ ၂၅ ရက်အထိ ပြည်ပသို့ လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှုမှအမေရိကန်ဒေါ်လာသန်းပေါင်း ၂၇၅၀ကျော်ရရှိ ထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံက သိရသည်။

ယင်းတွင်ပင်လယ်ရေကြောင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာသန်းပေါင်း ၂၃၁၇ သန်းကျော်နှင့် နယ်စပ်တင်ပို့မှုမှ အမေရိကန်ဒေါ်လာသန်းပေါင်း ၄၆၆ သန်းကျော်တင်ပို့ထားပြီး တရုတ်၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှားနိုင်ငံ အစရှိသည့် နိုင်ငံများသို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

ပြည်ပသို့တင်ပို့ခဲ့သည့် လယ်ယာထွက်ကုန်ပစ္စည်းများအနေဖြင့် ဆန်၊ ဆန်ကွဲ၊ ပဲအမျိုးမျိုး၊ ပြောင်း၊ နှမ်း၊ ဝဥ၊ ပန်းနှမ်း၊ ဝါး၊ ချင်း၊ ကြက်သွန်နီ၊ ဖရဲ၊ သခွားမွှေး အစရှိသည့် ပစ္စည်းများကိုတင်ပို့လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့ လယ်ယာထွက်ကုန်ပစ္စည်းများအပြင် သစ်တောထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ကုန်ပစ္စည်း၊သတ္တုတွင်းထွက်ပစ္စည်း၊ စက်မှုကုန်ချောနှင့် အခြားပို့ကုန်ပစ္စည်းများတင်ပို့လျက်ရှိပြီး ပြည်ပမှရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း၊လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း၊လူသုံးကုန်ပစ္စည်းနှင့် CMP တို့ကိုပြန်လည်တင်သွင်းကြောင်းသိရသည်။

**Source : Popular News Journal**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၁၈-၁၁-၂၀၂၄ မှ ၂၂-၁၁-၂၀၂၄ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၃,၆၀၅,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၄,၀၀၀,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၃,၈၀၀,၀၀၀ ဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2024Crop) ကျပ် ၂၅,၀၀၀ နှင့် မတ်ပဲ SQ/RC (2024 Crop)ကျပ် ၃၀,၀၀၀ အသီးသီး ဈေးကျဆင်းခဲ့ပြီး ပဲစင်းငုံ Red/RC (2024 Crop ) ကျပ် ၁၅၀,၀၀၀ ဈေးမြင့်တက်ခဲ့သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၅၀ လုံး (တန်ချိန် ၁၂၀၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၂၀ လုံး (တန်ချိန် ၄၈၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၃၀ လုံး (တန်ချိန် ၇၂၀) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး ( တစ်ပိဿာ )ဈေးနှုန်းများမှာ ပန်းရဲငရုတ် (သစ်) AC ကျပ် ၆၅၀၀၊ မြားနီ ကျပ် ၆၀၀၀ ၊ပန်းတနော်ရှည် ကျပ် ၅၅၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၄၀၀၀ နှင့် မြစ်ဝပု ကျပ် ၁၀,၅၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ငရုတ်သီးများ ဈေးငြိမ်လျက်ရှိသည်။

ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည် အိတ်ပေါင်း ၁၁၀၀ (၂၂,၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ်ပေါင်း ၅၀ (၇၅၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည် အိတ်ပေါင်း ၁၉၀၀ ( ၃၈,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည် အိတ်ပေါင်း ၈၀၀ (၁၆,၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၅၀ (၇၅၀ ပိဿာ ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီးပွင့်ကပ် (သစ်) ကျပ် ၃၆၀၀ နှင့် မန်ကျည်းအသား (သစ်) ကျပ် ၁၂,၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း မန်ကျည်း အသား (သစ်) ကျပ် ၅၀၀ ဈေးမြင့်တက်ခဲ့သည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြား(တစ်ပိဿာ) ဈေးနှုန်းများ မှာ တောင်သာ မလိုင်(ဒိုး) ကျပ် ၇၀၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၇၃၀၀၊ ပခုက္ကူကြမ်း ကျပ် ၇၀၀၀၊ ရေစကြို ထန်းလျက်(ချော) ကျပ် ၈၂၀၀၊ ကြံသကာ ကျပ် ၃၁၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၅၁၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ထန်းလျက်၊ ကြံသကာနှင့်သကြားများဈေးငြိမ်လျက်ရှိသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၁၈-၁၁-၂၀၂၄ မှ ၂၂-၁၁-၂၀၂၄ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့်အာလူးဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မြင်းခြံမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၄၂၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၄၀၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၃၆၀၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၂၃၀၀၊ မြင်းခြံသစ်ရှယ် ကျပ် ၄၅၀၀၊ မြင်းခြံလတ်ကြီး ကျပ် ၄၁၀၀၊ မြင်းခြံလတ်သန့် ကျပ် ၃၇၀၀ နှင့် မြင်းခြံလတ်ချော ကျပ် ၂၄၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၂၀၀ ၊ဆိပ်ဖြူလတ်ကြီး ကျပ် ၄၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၃၀၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၀၀၊ မြင်းခြံ သစ်ရှယ် ကျပ် ၇၀၀၊ မြင်းခြံလတ်ကြီး ကျပ် ၇၀၀၊ မြင်းခြံလတ်သန့် ကျပ် ၇၀၀ နှင့် မြင်းခြံလတ်ချော ကျပ် ၄၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။

ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၉၅ စီး (၅၇၀,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၂၅ စီး (၇၅၀,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၃၀ စီး (၁၈၀,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အောင်ပန်းမြို့မှ ကြက်သွန်ဖြူများနေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ အောင်ပန်းထူး-၂ ကျပ် ၁၂၀၀၀၊ အောင်ပန်းထူး-၃ ကျပ် ၁၃၅၀၀၊ အောင်ပန်းထူး-၄ ကျပ် ၁၄၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၁၅၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ကြက်သွန်ဖြူများ ဈေးငြိမ်လျက်ရှိသည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူ အိတ် ၁၃၀၀ (၃၉,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၁၇၀၀ (၅၁,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၄၀၀ (၁၂,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ တရုတ်မှအာလူးများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ အာလူး(တစ်ပိဿာ) ဈေးနှုန်း များမှာ တရုတ်အာလူး ကျပ် ၉၃၀၀ ဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း တရုတ်အာလူး ကျပ် ၅၀၀ ဈေးကျဆင်းခဲ့သည်။

ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၀ စီး (၆၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၄ စီး (၈၄,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၄ စီး (၂၄,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ပိုလန်နိုင်ငံနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများက ချုပ်ပြီးအထည်မှာယူမှုမြင့်တက်နေ



မြန်မာနိုင်ငံမှ ချုပ်ပြီးအထည်များကို ဥပရောပသမဂ္ဂအဖွဲ့ဝင် ပိုလန်နိုင်ငံနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများက ဝယ်ယူမှုမြင့်တက်လာကြောင်း မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းက သိရသည်။

မြန်မာနိုင်ငံမှ အထည်ချုပ်ကို ယခင်ဝယ်ယူနေသည့်နိုင်ငံများအပြင် အဆိုပါနိုင်ငံများမှ ဝယ်ယူမှုမြင့်တက်နေခြင်းဖြစ်ကြောင်း သိရသည်။

“အမှာစာတွေက အများကြီးရတယ်။ အခုဆိုရင် ပိုလန်က အများကြီးဝယ်နေပြီ။ အဲဒီလိုပဲ အရှေ့အလယ်ပိုင်းကလည်း တော် တော်ဝယ်နေပြီ။ အီးယူနိုင်ငံထဲမှာ အများဆုံးပို့တဲ့နိုင်ငံဆိုလို့ ဂျာမနီက အများဆုံးသွားတာ။ ပြီးရင် စပိန်၊ အီတလီ အဲဒီလိုသွား တာ” ဟု မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လက်ရှိတွင်အထည်ချုပ်ကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုဝင်ရောက်မှုအနေဖြင့် တရုတ်နိုင်ငံမှ အများဆုံးဝင်ရောက်နေပြီး အထည်ချုပ်ကဏ္ဍသည် အလုပ်အကိုင်အခွင့်အလမ်းအများဆုံးဖန်တီးပေးထားခြင်းလည်းဖြစ်သည်။

အထည်ချုပ်ကဏ္ဍ၌ ၂၀၂၃ ခုနှစ်မှစတင်ကာ ဂျပန်၊ တရုတ်၊ အီးယူနှင့် အမေရိကန်တို့မှ အော်ဒါမှာယူမှု ပြန်လည်မြင့်တက်လာကြောင်း သိရသည်။

**Source : Popular News Journal**

## နိုဝင်ဘာလကုန်ပိုင်းတွင် ကွမ်းရွက်အထွက်နည်းလာသောကြောင့် ဈေးမြင့်တက်လာ



ကွမ်းစိုက်တောင်သူများ အနေ ဖြင့် နိုဝင်ဘာလကုန်ပိုင်းတွင် နေ့အပူချိန်ကျဆင်းကာ အအေးဓာတ်ပိုလာသောကြောင့် ကွမ်းရွက်အထွက်နည်းလာကြောင်း တောင်သူများထံက သိရသည်။

ပြည်တွင်းကွမ်းခြံများတွင် ကွမ်းရွက်အထွက်နှုန်းကျဆင်းလာရာ ဈေးကွက်ဝယ်လိုအားကို ဖြည့်ဆည်းနိုင်မှု နည်းပါလာသောကြောင့် နိုဝင်ဘာလကုန်ပိုင်းတွင် ကွမ်းရွက် တစ်ပိဿာလျှင် ငွေကျပ် ၁၃,၀၀၀ – ၁၄,၀၀၀ ပေါက်ဈေးရှိလာသည်။

မန္တလေးဈေးကွက်သို့ ဝင်ရောက်လျက်ရှိသော ကွမ်းခြင်းပမာဏလည်း လျော့ကျလာကြောင်း၊ တံတားဦးမြို့နယ်၊ မုံရွာမြို့နယ်၊ ကန့်ဘလူမြို့နယ်တို့မှ ကွမ်း ခြံဝူးဈေးများလည်း မြင့်တက်လာကြောင်း၊ ရက်ပိုင်းအတွင်း ဆက်လက်ဈေးမြင့်တက်မည့် အခြေအနေများရှိနေကြောင်း၊ အဓိကကွမ်းဈေးမြင့်တက်လာရခြင်းမှာ လမ်းပန်းဆက်သွယ်ရေးစရိတ်ကြီးမှုကြောင့်လည်းဖြစ်ကြောင်း ကွမ်းကုန်သည်တစ်ဦးက ပြောသည်။

" နှစ်စဉ် ဆောင်းဝင်လာတာနဲ့ ကွမ်းဈေးက မြင့်တက်လာပါတယ်။ ကွမ်းခြံတွေက အထွက်နည်းလာတော့ ဖောက်သည်တွေ ကို လောက်ငအောင်မျှပေးနေရတယ်။ ပုံမှန်တစ်ပတ်ကို အချိန်တစ်ဆယ်ထွက်တဲ့ ကွမ်းခြံက တစ်ဝက်နီးပါးလျော့ကျလာပါတယ်။သယ်ယူပို့ဆောင်ရေးစရိတ်တွေကလည်း ဈေးမြင့်လာတော့မန္တလေးဈေးကွက်မှာဈေးမြင့်လာတာပါ။ လက်ရှိမှာအထွက်နှုန်းလျော့တော့ ခြံဝူးဈေးလည်း မြင့်တက်လာပါတယ်" ဟု ၎င်းက ပြောသည်။

ကွမ်းဈေးကွက်တွင် ကွမ်းရွက်အပြင် အခြားကွမ်းသီး၊ ဇမာဆေး၊ ထုံးဈေးများလည်း မြင့်တက်လျက်ရှိကြောင်း သိရသည်။

**Source : မကွေးဂျာနယ်**

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း ဆက်လက်မြင့်တက်လာ




စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း ဆက်လက်မြင့်တက်လာရာ တစ်ပိဿာ ငွေကျပ် ၇,၂၈၀ ဖြစ်လာပြီး ယခင်သီတင်းပတ်ထက် ငွေကျပ် ၂၆၅ ထပ်မံမြင့်တက်လာကြောင်း သိရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ အနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိက ထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့်အင်ဒိုနီးရှားနိုင်ငံတို့တွင်ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၄ ခုနှစ်နိုဝင်ဘာ ၂၆ ရက်နေ့မှ ဒီဇင်ဘာ ၁ ရက်နေ့အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၇,၂၈၀ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ဈေးကစားရန်ရည်ရွယ်ချက်ဖြင့်သိုလှောင်ခြင်းနှင့်မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

**Source : မကွေးဂျာနယ်**

## အောင်လံခရိုင်အတွင်း ယခုနှစ်တွင် စက်မှုကုန်ကြမ်းသီးနှံတစ်ခုဖြစ်သော မိုးနှောင်းချည်မျှင်ရှည်ဝါ လျာထားချက်ထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့



မကွေးတိုင်းဒေသကြီး အောင်လံခရိုင်အတွင်း ယခုနှစ်တွင် စက်မှုကုန်ကြမ်းသီးနှံတစ်ခုဖြစ်သော မိုးနှောင်းချည်မျှင်ရှည်ဝါကို လျာထားချက်ထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း အောင်လံခရိုင်စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

အောင်လံခရိုင်သည် မကွေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးကိုအဓိကထားလုပ်ကိုင်သောခရိုင်တစ်ခုဖြစ်ပြီးစုစုပေါင်း စိုက်ပျိုးနိုင်သော မြေဧရိယာဧကပေါင်း ၃၄၆,၀၀၀ ကျော်ရှိကာ အဓိကသီးနှံများဖြစ်သော စပါး၊ မြေပဲ ၊နှမ်း၊ နေကြာ၊ ဝါနှင့် ပဲမျိုးစုံတို့ကို အများဆုံးစိုက်ပျိုးကြကြောင်း၊ အဆိုပါသီးနှံများထဲမှ ဝါကိုနှစ်စဉ်တိုးချဲ့စိုက်ပျိုးလျက်ရှိပြီး ယခုနှစ်မိုးရာသီတွင် ဝါ ၅၇,၉၁၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

“ဒီနှစ်မှာ ချည်မျှင်ရှည်ဝါက အရေးကြီးသီးနှံဖြစ်လာတဲ့အတွက် အောင်လံခရိုင်မှာ ဧက ၅၅,၂၀၀ စိုက်ပျိုးဖို့လျာထားတာ ၅၇,၉၁၄ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးတဲ့ဝါမျိုးတွေကတော့ ရွှေတောင် -၈ ၊ ရွှေတောင် - ၁၀ ၊ငွေချည်-၉ ၊ငွေချည်-၁၁ စတဲ့မျိုးတွေကို အဓိကစိုက်ပျိုးပါတယ်။ တခြားနိုင်ငံခြားမျိုးတွေဖြစ်တဲ့ ရာကာ ၆၆၆ B-31 နဲ့ငွေနှင်းမှုန်စတဲ့ဝါမျိုးတွေကိုလည်း တောင်သူတွေစိုက်ပျိုးလာကြပါတယ်”ဟု အောင်လံခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အောင်လံခရိုင်အတွင်း ကျေးရွာအားလုံးနီးပါးတွင် ဝါစိုက်ပျိုးကြပြီး လက်ရှိတွင် ယခုနှစ် မိုးရာသီအတွင်း စိုက်ပျိုးခဲ့သော ဝါစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကာ လာမည့် ဒီဇင်ဘာလမှ ဇန်နဝါရီလအထိ ခူးဆွတ်မည်ဖြစ်ကြောင်း၊ အထွက်နှုန်း အနေဖြင့် တစ်ဧကလျှင် ဝါ ၆၀၂ ဒသမ ၂၅ ပိဿာခန့်ထွက်ရှိရန် တောင်သူများ မျှော်လင့်လျက်ရှိကြောင်းသိရသည်။

ပြီးခဲ့သည့်နှစ်က အောင်လံခရိုင်အတွင်း မိုးနှောင်းချည်မျှင်ရှည်ဝါကို ဧက ၄၈,၈၀၀ ကျော်စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧက လျှင်ပျမ်းမျှ ၅၃၁ ဒသမ ၆၇ ပိဿာခန့်ထွက်ရှိကြောင်း ၊ ယခုနှစ်တွင် မိုးနှောင်းချည်မျှင်ရှည်ဝါကို ဧက ၅၇,၉၁၄ စိုက်ပျိုးနိုင်ခဲ့သည့်အတွက် ပြီးခဲ့သည့်နှစ်ကထက် ဧက ၁၀,၀၀၀ နီးပါး ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်းသိရသည်။

**Source : မြဝတီသတင်းစာ**

## ဂျာမန်စီးပွားရေးသည် တတိယသုံးလပတ်တွင် မျှော်မှန်းထားခဲ့သည်ထက် နှေးကွေးနေ

ဂျာမန်စီးပွားရေးသည် ၂၀၂၄ ခုနှစ် တတိယသုံးလပတ်တွင် လေ့လာသူများ မျှော်မှန်းထားခဲ့သည်ထက် ဖွံ့ဖြိုးတိုးတက်မှု လျော့နည်းခဲ့ကြောင်း The Federal Statistical Office (Destatis)က  နိုဝင်ဘာလ ၂၂ ရက်တွင် ထုတ်ပြန်ခဲ့သည်။

နိုင်ငံ၏ ဂျီဒီပီသည် ဒုတိယသုံးလပတ်နှင့် နှိုင်းယှဉ်ပါက ပဏာမခန့်မှန်းချက်ဖြစ်သော ၀ ဒသမ ၂ ရာခိုင်နှုန်းထက် လျော့နည်းကာ ၀ ဒသမ ၁ ရာခိုင်နှုန်းခန့်သာ တိုးတက်မှုရှိခဲ့ကြောင်း ဖော်ပြထားသည်။

ဂျာမနီသည် ယခုနှစ်တွင် သုံးလပတ်နှစ်ပတ်ဆက်တိုက် စီးပွားရေးကျုံ့သွားသည်ဟု သတ်မှတ်ခံရနိုင်ဖွယ်ရှိသည့် စီးပွားရေးကျဆင်းမှုတစ်ခုကို ပွတ်ကာသီကာ ရှောင်ရှားခဲ့ပြီးဖြစ်သည်။

အိမ်ထောင်စုများ၏ သုံးစွဲမှုမှာ ပြီးခဲ့သည့် သုံးလပတ်နှင့်နှိုင်းယှဉ်ပါက ၀ ဒသမ ၃ ရာခိုင်နှုန်းခန့်သာ အနည်းငယ်မြင့်တက်ခဲ့ပြီး အစိုးရအသုံးစရိတ်မှာမူ ၀ ဒသမ ၄ ရာခိုင်နှုန်းခန့် မြင့်တက်ခဲ့ကြောင်း သိရသည်။

ဂျာမနီနိုင်ငံ၏ စီးပွားရေးတွင် အဓိကကျသော ပြည်ပသို့ ကုန်ပစ္စည်းတင်ပို့မှုသည် ၂ ဒသမ ၄ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ကြောင်းနှင့် ကိုဗစ် ၁၉ ကပ်ရောဂါနှင့် ရုရှားမှယူကရိန်းသို့ ကျူးကျော်ဝင်ရောက်ခဲ့ခြင်းတို့၏ အကျိုးသက်ရောက်မှုကြောင့် စက်မှုလုပ်ငန်းများ၌ အမှာအော်ဒါရရှိမှုများ ကျဆင်းသွားခြင်းနှင့် ရင်ဆိုင်ခဲ့ရကြောင်း ဖော်ပြထားသည်။

ငွေကြေးဖောင်းပွမှုမှာကျဆင်းနေပြီဖြစ်သော်လည်း  နိုင်ငံအနေဖြင့်စီးပွားရေးကဏ္ဍဆိုင်ရာအနှောင့်အယှက်များကို  ရှောင်ရှားနိုင်ရေးအတွက် ရုန်းကန်နေရဆဲဖြစ်ပါသည်။

စီးပွားရေး အဆင်မပြေမှုများအထဲမှ သိသာအထင်ရှားဆုံး ဥပမာတစ်ခုမှာ တစ်ချိန်က ဂျာမန်ချမ်းသာကြွယ်ဝမှုအဖြစ် တင်စားနိုင်သော Volkswagen ကုမ္ပဏီသည် စီးပွားရေးအကျပ်အတည်းနှင့်ရင်ဆိုင်ရပြီး ၎င်း၏ဘတ်ဂျက်မှ ဘီလီယံနှင့်ချီသော အသုံးစရိတ်များကို လျှော့ချနိုင်ရန်နှင့် နိုင်ငံတစ်ဝှမ်းရှိ စက်ရုံအများအပြားကို ပိတ်သိမ်းရန်ကြိုးစားနေသည့်အချက်ဖြစ်ကြောင်း ဖော်ပြထားသည်။

အမှန်မှာ ယခုလ(နိုဝင်ဘာလ)အစောပိုင်းတွင် ဝန်ကြီးချုပ် Mr. Olaf Scholz ၏ ညွန့်ပေါင်းအစိုးရပြိုကွဲခဲ့ခြင်းကြောင့် လတ်တလောတွင် ဂျာမနီ၏စီးပွားရေးမှာ လူအများအတွက် အပြစ်တင်စရာဖြစ်နေခဲ့သည်။

ငွေကြေးဖောင်းပွမှု ဆက်လက်ကျဆင်းနေခြင်းနှင့် ပျမ်းမျှလုပ်အားခအနည်းငယ်မြင့်တက်လာခြင်းတို့သည် ယခုနှစ်နောက်ဆုံးသုံးလပတ်၏ စားသုံးသူအသုံးစရိတ်အပေါ် တွန်းအားပေးလိမ့်မည်ဟု စီးပွားရေးပညာရှင်များက မျှော်လင့်နေကြကြောင်း ဖော်ပြထားသည်။

**Source : ဒေါ်သန္တာစော၊ စီးပွားရေးသံမှူး၊ ဘာလင်မြို့။**

https://myantrade.gov.mm/article/npt-270920241000

## ရွေးကောက်ခံသမ္မတဒေါ်နယ်ထရမ့်၏ စီးပွားရေးဆိုင်ရာဝန်ကြီးများ ရွေးချယ်မှု

နိုဝင်ဘာလတတိယရက်သတ္တပတ်တွင် ရွေးကောက်ခံသမ္မတဒေါ်နယ်ထရမ့်သည် ဘဏ္ဍာရေးဝန်ကြီးဌာန Department of Treasury ကို ဦးဆောင်ရန် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင် Mr. Scott Bessent အား ရွေးချယ်ခဲ့ပြီး Mr. Scott Bessent သည် အသက် ၆၂ နှစ်အရွယ် Key Square Capital Management ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီကို တည်ထောင်သူတစ်ဦးဖြစ်ကြောင်း၊ ၎င်းသည် သန်းကြွယ်သူဌေး Mr. George Soros ၏ Soros Fund Management လုပ်ငန်းတွင် ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ အမှုဆောင်အရာရှိချုပ်အဖြစ် လုပ်ကိုင်ခဲ့သူဖြစ်ကြောင်း သိရသည်။

Mr. Scott Bessent သည် ရွေးကောက်ခံသမ္မတဒေါ်နယ်ထရမ့်ကို ထောက်ခံသူတစ်ဦး ဖြစ်သကဲ့သို့ ၎င်း၏အဓိက စီးပွားရေးအကြံပေးတစ်ဦးလည်းဖြစ်ကြောင်း၊ ထို့ပြင် ဒေါ်နယ်ထရမ့်၏ စီးပွားရေးမူဝါဒဖြစ်သည့် အကောက်ခွန်နှုန်းတိုးမြှင့် ကောက်ခံခြင်းကြောင့် အမေရိကန်စားသုံးသူများ အပေါ်ဈေးနှုန်းမြင့်တက်စေမည်ဟူသော အယူအဆကို ကန့်ကွက်သူတစ်ဦးလည်းဖြစ်ကြောင်း၊ အထက်လွှတ်တော်က ၎င်း၏ခန့်အပ်မှုကို အတည်ပြုပါက Mr. Scott Bessent သည် ဒေါ်နယ်ထရမ့် ၏ရွေးကောက်ပွဲမဲဆွယ်စည်းရုံးစဉ်မူဝါဒကတိကဝတ်ဖြစ်သည့် သွင်းကုန်များအပေါ် အကောက်ခွန်နှုန်းသတ်မှတ်ကောက်ခံခြင်းနှင့် မေတ္တာကြေးအပေါ်အခွန်ကင်းလွတ်ခွင့် No tax on tips ကို အကောင်အထည်ဖော်ရန် ဆုံးဖြတ်ထားသူတစ်ဦးလည်းဖြစ်ကြောင်း သိရသည်။

ရွေးကောက်ခံသမ္မတဒေါ်နယ်ထရမ့်က Mr.Scott Bessent သည် "အမေရိကန်သည်သာပထမ America First Agenda" ဟူသောအယူအဆကို အများပြည်သူလက်ခံလာအောင် ကာလကြာရှည်စွာ စည်းရုံးပြောဆိုလျက်ရှိသူဖြစ်ပြီး လာမည့်စီးပွားရေးတိုးတက်မှုဖြစ်စဉ်တွင် အမေရိကန်နိုင်ငံသားတစ်ဦးတစ်ယောက်မျှ နောက်ကျမကျန်စေရန် ဦးဆောင်သွားမည့်သူတစ်ဦးဖြစ်ကြောင်း၊ ရွေးကောက်ပွဲမဲဆွယ် စည်းရုံးစဉ်အတွင်း၌လည်း ရွေးကောက်ခံသမ္မတဒေါ်နယ်ထရမ့်က ၎င်းအား စတော့ရှယ်ယာဈေးကွက်အသိုင်းအဝိုင်းတွင် အတော်ဆုံး စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဟုလည်း ချီးကျူးခဲ့ကြောင်း သိရသည်။

Mr. Scott Bessent က ဒေါ်နယ်ထရမ့်အတွက် မဲဆွယ်စည်းရုံးပွဲတစ်ခုတွင် အကယ်၍ ဒုတိယသမ္မတကမ်မလာဟဲရစ်သည် ရွေးကောက်ပွဲအနိုင်ရရှိခဲ့လျှင် စတော့ဈေးကွက်ပြိုလဲနိုင်သည်ဟု ပြောဆိုခဲ့သူတစ်ဦးလည်းဖြစ်သည်။

၎င်းအနေဖြင့် ရွေးကောက်ခံသမ္မတဒေါ်နယ်ထရမ့်၏ စီးပွားရေးမူဝါဒကို ထောက်ခံပြီး ယင်းမူဝါဒသည် အမေရိကန် စီးပွားရေးကိုထိခိုက်စေမည်ဟူသော စီးပွားရေးနိုဘယ်ဆုရှင်များ၏အဆိုကို ကန့်ကွက်ကြောင်းလည်း Wall Street Journal သတင်းစာ၌ ဆောင်းပါးရေးသားခဲ့သူလည်းဖြစ်ကြောင်း၊ ထို့ပြင် ၎င်းက ရွေးကောက်ခံသမ္မတဒေါ်နယ်ထရမ့်အား "3-3-3" policy ကို အသုံးပြုရန် အကြံပြုသူဖြစ်ကြောင်း၊ "3-3-3" policy ဆိုသည်မှာ ၂၀၂၈ ခုနှစ်တွင် ဘတ်ဂျက်လိုငွေကို ဂျီဒီပီ၏ ၃ ရာခိုင်နှုန်းအထိလျှော့ချရန်၊ လုပ်ထုံးလုပ်နည်းများကိုလျှော့ချ၍ ဂျီဒီပီရာခိုင်နှုန်း တိုးတက်လာစေရန်နှင့် တစ်ရက်လျှင်ရေနံစည်ပေါင်း ၃ သန်း သို့မဟုတ် လက်ရှိထုတ်လုပ်သည့် ပမာဏထက် စည်ပေါင်း ၃ သန်းထပ်တိုးထုတ်လုပ်ရန်ဟူ၍ဖြစ်ကြောင်း၊ ဒေါ်နယ်ထရမ့် ၏ အကောက်ခွန်နှုန်းသတ်မှတ်ကောက်ခံမည့်မူဝါဒသည် ခြိမ်းခြောက်မှုတစ်ရပ်မဟုတ်ဘဲ ဆွေးနွေးညှိနှိုင်းမှု မဟာဗျူဟာ

တစ်ရပ် a negotiating strategy ဖြစ်သည်ဟုလည်း ၎င်းကဆိုကြောင်း သိရသည်။

Mr. Scott Bessent သည် နယူးယောက်ဘဏ္ဍာရေးလုပ်ငန်း အသိုင်းအဝိုင်းတွင်လူသိများသူဖြစ်သော်လည်း ဒေါ်နယ် ထရမ့်၏ ပထမအကြိမ်သမ္မတသက်တမ်းအတွင်း အတည်ပြုခဲ့သောအမေရိကန်ဒေါ်လာထရီလီယံပေါင်းများစွာ ကုန်ကျနိုင်သည့် ၂၀၁၇ ခုနှစ် အခွန်ဥပဒေ (Tax Cuts and Job Act )သည် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်ရာ ယင်းကိုအတည်ပြုနိုင်ရေးအတွက် ၎င်းအနေဖြင့် လွှတ်တော်အတွင်း ရီပတ်ဘလစ်ကန်ကိုယ်စားလှယ်များနှင့် ဆက်ဆံရေးတည်ဆောက်ရန် လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရွေးကောက်ခံသမ္မတဒေါ်နယ်ထရမ့်သည်အော်ရီဂွန်ပြည်နယ်၊ ရီပတ်ဘလစ်ကန်လွှတ်တော်ကိုယ်စားလှယ် Ms. Lori Chavez-DeRemer အား အလုပ်သမားဝန်ကြီးဌာန၊ ဝန်ကြီးအဖြစ်လည်းကောင်း၊ သမ္မတအိမ်ဖြူတော် စီမံခန့်ခွဲမှုနှင့် ဘတ်ဂျက်ရုံး(Office of Management and Budget, OMB )ကို ဦးဆောင်ရန်အတွက် Mr. Russell Vough အားလည်းကောင်းနိုဝင်ဘာလ တတိယရက်သတ္တပတ်အတွင်း ရွေးချယ်ခဲ့သည်ဟု သိရသည်။

ရွေးကောက်ခံသမ္မတဒေါ်နယ်ထရမ့်အနေဖြင့် နိုင်ငံ၏ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် အရေးပါသည့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးကို ဘဏ္ဍာရေးဝန်ဆောင်မှုကုမ္ပဏီ (Cantor Fitzgerald )၏ အမှုဆောင်အရာရှိချုပ်နှင့် ၎င်း၏ တာဝန်လွှဲပြောင်းရေးလုပ်ငန်းအဖွဲ့ (Transition Team )ပူးတွဲ ဥက္ကဋ္ဌ Mr. Howard Lutnick ကိုလည်းကောင်း၊ စွမ်းအင်ဝန်ကြီးအဖြစ် (Liberty Energy )၏ အမှုဆောင် အရာရှိချုပ် Mr. Chris Wright ကိုလည်းကောင်း၊ စိုက်ပျိုးရေးဝန်ကြီးအဖြစ် (American First Policy Institute )၏ ဥက္ကဋ္ဌ Ms. Brooke Rollins ကိုလည်းကောင်း အသီးသီးရွေးချယ်ခဲ့ပြီး ဖြစ်ပါသည်။

ဒေါ်နယ်ထရမ့်အနေဖြင့် အမေရိကန်နိုင်ငံ၏ ကုန်သွယ်ရေးမူဝါဒများကို ပြန်လည်ပြင်ဆင်ရေးဆွဲသွားလိုသည်ဟု ကူးသန်းရောင်းဝယ်ရေးဝန်ကြီးရွေးချယ်ခဲ့ပြီးနောက် ပြောကြားခဲ့ကြောင်း၊ Mr. Howard Lutnick အား ရွေးချယ်ကြောင်း ထုတ်ပြန်ချက်တွင် " Mr. Howard Lutnick သည် ကုန်သွယ်ရေးနှင့် အကောက်ခွန်မူဝါဒများကို ဦးဆောင်သွားမည်ဖြစ်ပြီး အမေရိကန် ကုန်သွယ်မှုကိုယ်စားလှယ်ရုံး၏ တိုက်ရိုက်တာဝန်ဝတ္တရားများကိုပါ ထမ်းဆောင်ရမည်" ဟု ဖော်ပြထားကြောင်း သိရသည်။

ယင်းထုတ်ပြန်ချက်ပါ ဖော်ပြချက်နှင့်ပတ်သက်၍ ကုန်သွယ်ရေးမူဝါဒကျွမ်းကျင်ပညာရှင်များက ယင်းသို့ဆောင်ရွက်ခြင်းသည် ကုန်သွယ်ရေးမူဝါဒအပေါ် လွှတ်တော်နှင့် ဒေါ်နယ်ထရမ့်အစိုးရတို့အကြား မည်သူကထိန်းချုပ်မည်ဆိုသည့် သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း၊ ဒီမိုကရက်တစ်ပါတီ အောက်လွှတ်တော်ကိုယ်စားလှယ်နှင့် အောက်လွှတ်တော် Ways and Means Committee အဖွဲ့ဝင် Mr. Richard Neal က ကုန်သွယ်ရေးကိုယ်စားလှယ် (United States Trade Representative, USTR)သည် သီးခြားရပ်တည်ရန် အလွန်အရေးကြီးသကဲ့သို့ လွှတ်တော်၏ အခွင့်အာဏာကို ပြဋ္ဌာန်းသည့်ဌာနခွဲတစ်ခု လည်းဖြစ်ကြောင်း၊ USTR ကို လွှတ်တော်က ဖွဲ့စည်းထားခြင်းဖြစ်ကြောင်းနှင့် ဖျက်သိမ်းမည်ဆိုပါက လွှတ်တော်ကသာ ဖျက်သိမ်းခွင့်ရှိသည်" ဟု ဆိုကြောင်း၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အကြီးတန်းအရာရှိဟောင်းနှင့်လက်ရှိတွင် မူဝါဒနှင့်အပြည်ပြည်ဆိုင်ရာ လေ့လာမှုဌာန Center for Strategic and International Studies, CSIS ၏ အပြည်ပြည်ဆိုင်ရာစီးပွားရေးဌာနခွဲ၊ ဥက္ကဋ္ဌ Mr. Bill Reinsch က "USTR ၏ အခန်းကဏ္ဍကို ဖန်တီးသည့်ဥပဒေကို လွှတ်တော်ကပြဋ္ဌာန်းခဲ့ပြီး ၎င်းကိုသမ္မတရုံး၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဖန်တီးခဲ့ခြင်း ဖြစ်ကြောင်း၊ (USTR) နှင့် ကုန်သွယ်ရေးမူဝါဒကို ကြီးကြပ်သည့် လွှတ်တော်ကော်မတီ နှစ်ရပ်ရှိရာ အောက်လွှတ်တော်တွင် (Ways and Means Committee )နှင့် အထက်လွှတ်တော်တွင် ဘဏ္ဍာရေးကော်မတီတို့ဖြစ်ကြောင်း၊ ယင်းကော်မတီနှစ်ရပ်က ထိုသို့ဖျက်သိမ်းမည့်ကိစ္စကိုသက်ညာစွာလက်ခံမည်မဟုတ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

အမေရိကန်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာကိုအထက်လွှတ်တော်နှင့်အောက်လွှတ်တော်ကူးသန်းရောင်းဝယ်ရေး ကော်မတီများက ကြီးကြပ်ပြီး ဝန်ကြီးဌာနအနေဖြင့် ပို့ကုန်များနှင့်ပတ်သက် ၍ အမျိုးသားလုံခြုံရေးကိုအခြေခံသည့် ကန့်သတ်မှုများချမှတ်ခြင်းနှင့် မျှတမှုမရှိသည့် ကုန်စည်များအပေါ် ဒဏ်ပေးခြင်းစသည်တို့အပါအဝင် ကုန်သွယ်ရေးဆိုင်ရာအချို့ကိစ္စရပ်များကို တာဝန်ယူ ဆောင်ရွက်ရပါကြောင်း၊ ၁၉၆၂ ခုနှစ်တွင် လွှတ်တော်က USTR ကို တည်ထောင်ခဲ့ခြင်းဖြစ်ပြီး အမေရိကန်နိုင်ငံအနေဖြင့် မည်သည့်နိုင်ငံများနှင့်ကုန်သွယ်ရေးသဘောတူညီချက်များ၊ အကောက်ခွန်မူဝါဒများကို ဆွေးနွေးညှိနှိုင်းမည် ဟူ သောမဟာဗျူဟာကျသည့် ဆုံးဖြတ်ချက်များကို ဦးဆောင်ဦးရွက်ပြုရန်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ USTR ကို ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်တွင် ထည့်သွင်းမည့် အယူအဆပေါ်ပေါက်ခဲ့သည်မှာ ကြာမြင့်ပြီဖြစ်သည်ဟု ရွေးကောက်ခံသမ္မတ ဒေါ်နယ်

ထရမ့် ၏ပထမသက်တမ်းအတွင်းအပြည်ပြည်ဆိုင်ရာစီးပွားရေးရာနှင့်ပတ်သက်၍တာဝန်ယူခဲ့သည့် ဒုတိယလက်ထောက်ဟောင်း Mr. Everett Eissensat က ဆိုသည်။

ဒေါ်နယ်ထရမ့်၏ ပထမအကြိမ်သမ္မတသက်တမ်းအတွင်း မြောက်အမေရိက လွတ်လပ်စွာကုန်သွယ်မှုသဘောတူစာချုပ် (North American Free Trade Agreement, NAFTA )ကို ပြန်လည်ညှိနှိုင်းရန် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Mr. Wilbur Ross အား ဦးဆောင်ညှိနှိုင်းသူအဖြစ် ကနဦးသတ်မှတ်ခဲ့သော်လည်း ဒေါ်နယ်ထရမ့်သမ္မတတာဝန်ယူပြီး ၄ လအကြာ Mr. Rober Lighthizer အား USTR အဖြစ် ခန့်အပ်ပြီးနောက်တွင် အခြေအနေပြောင်းလဲခဲ့ကြောင်း သိရသည်။

**Source : စီးပွားရေးသံမှူး၊ ဝါရှင်တန်ဒီစီ။**

https://myantrade.gov.mm/article/npt-271120241013

## အင်ဒိုနီးရှားနိုင်ငံမှ အုန်းသီးစိမ်းများကို တရုတ်ဈေးကွက်သို့ ဝင်ရောက်ခွင့်ပြုခဲ့

တရုတ်နိုင်ငံ၏ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့သည် သတ်မှတ်ထားသော ပိုးမွှားကင်းရှင်းရေးဆိုင်ရာလိုအပ်ချက်များနှင့် ကိုက်ညီသည့် အင်ဒိုနီးရှားနိုင်ငံမှ အုန်းသီးစိမ်းများကို တရုတ်နိုင်ငံသို့ တင်သွင်းခွင့်ပြုမည်ဟု နိုဝင် ဘာလ ၁၅ ရက်နေ့တွင် ၎င်း၏ ဝက်ဘ်ဆိုဒ်က ကြေညာခဲ့သည်။

အင်ဒိုနီးရှားသည် အုန်းသီးအဓိကထုတ်လုပ်သည့်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ၂၀၂၃ ခုနှစ်တွင် အုန်းသီးအထွက်နှုန်းသည် မက်ထရစ်တန် ၂ ဒသမ ၈၃သန်းအထိ ရောက်ရှိခဲ့ပြီး အုန်းသီးထုတ်ကုန်များ တင်ပို့မှုတန်ဖိုးသည် အမေရိကန် ဒေါ်လာ ၁ ဒသမ ၅၅ ဘီလီယံရှိကာ ကမ္ဘာ့ဈေးကွက်ဝေစု၏ ၃၈ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်း၊ အဓိကတင်ပို့သည့်နေရာများမှာ တရုတ်၊ မလေးရှားနှင့် စင်ကာပူတို့ဖြစ်ကြောင်း၊ အင်ဒိုနီးရှားနိုင်ငံမှ အဓိကတင်ပို့သည့် အုန်းသီးထုတ်ကုန်များမှာ အုန်းဆီနှင့်ဆက်စပ်ပစ္စည်းများ၊ အုန်းနို့၊ အုန်းမှုတ်ခွက်မီးသွေးနှင့် ခြစ်ထားသော အုန်းသီးများပါဝင်ကြောင်း သိရသည်။

GACC ၏ ကြေညာချက်အရ တရုတ်နိုင်ငံသို့ တင်ပို့လိုသော အုန်းခြံများနှင့် ထုပ်ပိုးသည့် စက်ရုံများကို အင်ဒိုနီးရှားနိုင်ငံ၏ Quarantine Agency က မှတ်ပုံတင်ရန် လိုအပ်ကြောင်း၊ ယင်းစိုက်ခင်းများနှင့် စက်ရုံများကို GACC မှ အတည်ပြုမည်ဖြစ်ပြီး ၎င်း၏ ဝက်ဘ်ဆိုဒ်တွင် အတည်ပြုထားသောစာရင်းများကို ထုတ်ပြန်ပေး မည်ဖြစ်ကြောင်း သိရသည်။

တစ်ချိန်တည်းတွင် အုန်းခြံများသည် ခြေရာခံခြင်းစနစ်များကို ထူထောင်ရန်နှင့် ကောင်းမွန်သောစိုက်ပျိုးရေးအလေ့အကျင့်များနှင့် ပိုးမွှားစီမံခန့်ခွဲမှုနည်းစနစ်များကို လိုက်နာရမည်ဖြစ်ကြောင်း၊ ထုပ်ပိုးသည့်စက်ရုံများသည် သန့်ရှင်းမှုရှိရန်၊ ကုန်ကြမ်းသိုလှောင်မှုအတွက်သတ်မှတ်ထားသောနေရာနှင့်ကုန်ချောပစ္စည်းများအတွက် ဂိုဒေါင်တစ်ခုတို့ပါရှိရမည်ဖြစ်ကြောင်း သိရသည်။

ပိုးမွှားများ၊ ပုပ်နေသောအသီးများ၊ အကိုင်းအခက်များ၊ အရွက်များ၊ အမြစ်များနှင့် မြေဆီလွှာများ မပါရှိစေရန်အတွက် ထုပ်ပိုးသည့်လုပ်ငန်းစဉ်အတွင်း ပိုးမွှားများ သို့မဟုတ် ပုံပျက်နေသောအသီးများကိုဖယ်ရှားခြင်း၊ အသီးများကို စီတန်းခြင်း၊ အဆင့်သတ်မှတ်ခြင်းနှင့် သန့်ရှင်းခြင်းစသည့်လုပ်ငန်းစဉ်များကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံမှ အုန်းသီးစိမ်းများနှင့်စပ်လျဉ်း၍ စိုးရိမ်ရသော ပိုးမွှား ၆ ခုမှာ the spiraling whitefly (Aleurodicus dispersus)၊ black thread scale (Ischnaspis longirostris)၊ guava long scale (Lepidosaphes tapleyi)၊ coffee mealybug (Planococcus lilacinus)၊ passionvine mealybug(Planococcus minor)နှင့် stellatescale (Vinsonia stelli fera)တို့ဖြစ်ကြောင်း သိရသည်။

စတင် တင်ပို့သည့် ပထမ၂ နှစ်အတွင်းတွင် အင်ဒိုနီးရှားအာဏာပိုင်များသည် တင်ပို့မှု တစ်ခုစီအတွက် ၂ ရာခိုင်နှုန်းထက် မနည်းသော နမူနာများကို စစ်ဆေးရမည်ဖြစ်ပြီး ဤနှစ်နှစ်တာကာလအတွင်း ပိုးမွှားဆိုင်ရာပြဿနာများ မတွေ့ရှိပါက နမူနာနှုန်းကို ၁ ရာခိုင်နှုန်းသို့ လျှော့ချနိုင်ကြောင်း သိရသည်။

**Source: https://www.producereport.com/article/fresh-indonesian-coconuts-granted-china-market-access**

**စီးပွားရေးသံမှူး၊ နန်နင်းမြို့**

https://myantrade.gov.mm/article/Naypyitawstp_261120240355

## သန့်ရှင်းစွမ်းအင်နှင့် ဒေသတွင်းလျှပ်စစ်ဓာတ်အားချိတ်ဆက်နိုင်မှု ပိုမိုအဆင့်မြင့်လာစေရေး စင်ကာပူနိုင်ငံနှင့် ဆီွဒင်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်

စင်ကာပူစွမ်းအင်စျေးကွက်အာဏာပိုင်အဖွဲ့ The Energy Market Authority နှင့် ဆွီဒင်နိုင်ငံ၊ ပတ်ဝန်းကျင်နှင့် စီးပွားရေးလုပ်ငန်းဝန်ကြီးဌာန Ministry of Climate and Enterprise တို့သည် သန့်ရှင်းစွမ်းအင်နည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတွင်း စွမ်းအင် အပြန်အလှန်ချိတ်ဆက်နိုင်မှုတို့အတွက် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်နိုင်ရန် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြောင်း စင်ကာပူစွမ်းအင်စျေးကွက်အာဏာပိုင်အဖွဲ့က ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့က သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါနားလည်မှုစာချွန်လွှာအရ စင်ကာပူစွမ်းအင်စျေးကွက်အာဏာပိုင်အဖွဲ့နှင့် ဆွီဒင်နိုင်ငံ၊ ပတ်ဝန်းကျင်နှင့် စီးပွားရေးလုပ်ငန်းဝန်ကြီးဌာနတို့သည် High Voltage Direct Current နည်းပညာများနှင့် ပင်လယ်ရေအောက်ကေဘယ်လိုင်းများအပါအဝင် ဓာတ်အားလိုင်း အခြေခံအဆောက်အအုံများအဆင့်မြင့်စေရေး ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်သည်။

အာဆီယံမဟာဓာတ်အားလိုင်း ASEAN Power Grid ဆောင်ရွက်နေမှုကို ထောက်ပံ့သွားမည်ဖြစ်ပြီး ဒေသတွင်း၌ လျှပ်စစ်ဓာတ်အားကုန်သွယ်မှုအခွင့်အလမ်းများ ပိုမိုရရှိစေရေး ထောက်ပံ့မှုများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒေသတွင်းအပြန်အလှန်ချိတ်ဆက်မှု၊ အမိုးနီးယားနှင့်ဟိုက်ဒရိုဂျင်၊နျူကလီယားကို ဘေးကင်းစွာသုံးစွဲနိုင်ရေးတို့တွင် အသိပညာဖလှယ်ရေးကိုလည်းဆောင်ရွက်သွားမည်ဖြစ်ပြီး စင်ကာပူနိုင်ငံ၏ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးလမ်းကြောင်းကို အရှိန်အဟုန်မြှင့်တင်စေရန် ပူးပေါင်းမှုများဆောင်ရွက်သွားမည်ဖြစ်သည်။

စင်ကာပူနိုင်ငံ၏ စွမ်းအင်ကူးပြောင်းမှုတွင် အဓိကအရေးပါသည့် သန့်ရှင်းစွမ်းအင်နည်းပညာများနှင့် ဒေသတွင်းလျှပ်စစ်ဓာတ်အားအပြန်အလှန်ချိတ်ဆက်နိုင်မှုတို့တွင်တိုးတက်လာစေရေးဆွီဒင်နိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်မှုအပေါ်ဝမ်းမြောက်ကြောင်း၊ ဒေသတွင်းကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးဆောင်ရွက်မှုများနှင့် အနာဂတ်တွင် ရေရှည်တည်တံ့သည့် စွမ်းအင်ရရှိစေရေးဆွီဒင်နိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်သွားရန်မျှော်လင့်ကြောင်း”စင်ကာပူစွမ်းအင်စျေးကွက်အာဏာပိုင်အဖွဲ့၏ Chief Executive ဖြစ်သူ Mr. PUah Kok Keong က ပြောကြားခဲ့သည်။

**Source: စင်ကာပူစွမ်းအင်စျေးကွက်အာဏာပိုင်အဖွဲ့**

**စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ စင်ကာပူမြို့**

https://myantrade.gov.mm/article/npt-261120240130

## STOCK EXCHANGE (27.11.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 27th Nov. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,647 (Shares) | 48,244,300 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | +0 | +0.00% | 8,500 | 8,500 | 8,500 | 24 | 204,000 | 33,109,694 | 281,432 |
| MTSH | 00002 | 3,300 | +0 | +0.00% | 3,300 | 3,300 | 3,300 | 91 | 300,300 | 38,929,150 | 128,466 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 261 | 2,192,400 | 10,400,986 | 87,368 |
| FPB | 00004 | 2,000 | +0 | +0.00% | 2,000 | 2,000 | 2,000 | 141 | 282,000 | 29,664,613 | 59,329 |
| TMH | 00005 | 3,150 | +50 | +1.61% | 3,150 | 3,150 | 3,150 | 5 | 15,750 | 12,823,224 | 40,393 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,750 | 525 | 918,750 | 19,977,223 | 34,960 |
| AMATA | 00007 | 4,500 | +0 | +0.00% | 4,500 | 4,500 | 4,500 | 0 | 0 | 10,497,598 | 47,239 |
| MAEX | 00008 | 3,250 | +0 | +0.00% | 3,250 | 3,250 | 3,250 | 526 | 1,709,500 | 23,804,946 | 77,366 |

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 27th Nov. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 401.10 | +0.34 | +0.08% | 400.76 | 401.10 | 400.76 | 1,573 | 5,622,700 | 8 | 756,553 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 27th Nov. 2024

| Trading Volume | Trading Value |
|---|---|
| 6,647 (Shares) | 48,244,300 (MMK) |

### Main Board

As of 1:00 pm, 27th Nov. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,647 (Shares) | 48,244,300 (MMK) |

| MYANPIX | 401.10 |
|---|---|
| | ▲ 0.34 |
| Total Volume (shares) | 1,573 |
| Total Value (MMK) | 6 mil |
| Listed Company | 8 |
| Market Cap. (MMK) | 756,553 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▲ 0 |
| MTSH | 00002 | 3,300 | ▲ 0 |
| MCB | 00003 | 8,400 | ▲ 0 |
| FPB | 00004 | 2,000 | ▲ 0 |
| TMH | 00005 | 3,150 | ▲ 50 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 4,500 | ▲ 0 |
| MAEX | 00008 | 3,250 | ▲ 0 |